ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၈၉/၂၀၂၆

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၂၆ ခုနှစ်၊ မေလ ၂၁ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-ခ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ယခင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၈-၄-၂၀၁၉ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၉ ၏ အပိုဒ် ၁၊ အပိုဒ်ခွဲ(ခ)ဖြင့် သွင်းကုန်အပေါ် အကောက်ခွန် စည်းကြပ်တန်ဖိုး (Assessed Value)၏ ၂ ရာခိုင်နှုန်းကို ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်အဖြစ် ကောက်ခံရန် သတ်မှတ်ထားပါသည်။

၃။ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုတွင် အများဆုံးအသုံးပြုလျက်ရှိသည့် ဒီဇယ်ဆီဈေးနှုန်း တည်ငြိမ်စေရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးတောင်သူများ လက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိစေရေးအတွက် ဒီဇယ်ဆီ HSD (500 ppm) နှင့် ဓာတ်မြေဩဇာတို့အား ပြည်ပမှတင်သွင်းချိန်တွင် ကြိုတင်ခွန်ကောက်ခံခြင်းကို ဆိုင်းငံ့လိုက်သည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

ဒေါက်တာကံဇော်

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဘ၁- ၃/၆/၁( ၂၂၂၈ /၂၀၂၆)

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေလ ၂၁ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လက်အောက်ရှိ ဌာနနှင့်အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်<br>
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးနိုင်ပါရန်

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန်)

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

အမိန့်အရ

(ဟန်ဝင်းအောင်)<br>
ဒုတိယဝန်ကြီး